**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကြော်ငြာစာအမှတ်( ၁၉/၂၀၂၀)**

စာအမှတ်၊တဆပ/ဆ၀/၂၀၂၀ ( ၇၅၆ )

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်လိုင်စင်များ (အထွေထွေပြောင်းလဲခွင့်လျှောက်ထားခြင်း)ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်စာရင်း ထုတ်ပြန်ခြင်း။**

၁။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ၂၀၁၉ခုနှစ် ဧပြီလ မှ ၂၀၁၉ခုနှစ် ဒီဇင်ဘာလ အထိ လျှောက်ထားခဲ့သည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်လိုင်စင်များ (အထွေထွေ ပြောင်းလဲခွင့်လျှောက် ထားခြင်း) ကိစ္စရပ်များနှင့်ပတ်သက်၍ အထွေထွေပြောင်း လျှောက်လွှာ (၆) စောင်၏ လိုအပ်ချက် စာရင်းကို ပူးတွဲပါအတိုင်း ထုတ်ပြန် ကြော်ငြာလိုက်သည်။

၂။ ဤစာထုတ်ပြန်သည့်နေ့ရက်မှစတင်၍ (၃)လအတွင်း သက်ဆိုင်ရာလိုအပ်ချက်များကို ပေးပို့ဆောင်ရွက်ရန်နှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအစည်းအဝေး (၃/၂၀၁၉) ဆုံးဖြတ်ချက်အရ **(၆)လအတွင်းပေးပို့ဆောင်ရွက်ခြင်းမပြုပါက ပယ်ဖျက်မည်ဖြစ်ပြီး ပယ်ဖျက်ပြီးပါက မှတ်ပုံတင်/လိုင်စင်များပျက်ပြယ်ကြောင်းကြေညာမည်ဖြစ်ပါကြောင်း** အသိပေးအပ်ပါသည်။

၃။ ဤကြော်ငြာစာအမှတ်ကိုရည်ညွှန်း၍ လိုအပ်ချက်များကို ပိုင်ရှင်က လက်မှတ်ရေးထိုး၍ တင်ပြစာ ဖြင့် အခြားလိုအပ်ချက်များနှင့်အတူပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ဥမ္မာမြတ်၊ အတွင်းရေးမှူး)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်လိုင်စင်စိစစ်ရေးအဖွဲ့

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများအားလုံး (သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ဆက်လက်အကြောင်းကြားရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်တင်ပြရန်)

ရုံးလက်ခံ/မျှောစာတွဲ